ကျီးတောကျေးရွာ

ကိုင်းတာကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ရောဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျီးတောကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၉

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး


(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


ဆေတီ
ဘုရားကြီး ကျောင်း
တာသဒေါ်ကျောင်း
ရေသန့်စက်ရုံ
ဆိုင်ကုမ္ပဏီများ
ဘဏ်တော်များ
လူနေအိမ်များ
ကွန်ကရစ်လမ်း
မြေသားလမ်း
လူသွားလမ်း
ဘုံးကျောက်တံတား
ရေပျော်ကူးမော်ကွန်များ
ကုန်းမြောင်း
ရိုးရွေး
မြို့တော်ဝင်တိုင်
လယ်ကွင်းများ

Venn Diagram



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အေး	အေး	နေပူ	နေပူပြင်း	နေပူပြင်း	မိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးနည်း	အေး	အေး
အလုပ်အကိုင်	ဆောင်းသီးနှံစိုက်	ပဲနုတ်	ဆောင်းသီနှံရိတ်	ဆောင်းသီနှံရိတ်	ထွန်ယက်	ပျိုးကြဲ	မိုးစပါးစိုက်	မိုးစပါးစိုက်	–	မိုးစပါးရိတ်	မိုးစပါးရိတ်	ပဲကြဲ
လက်လုပ်လက်စားမိသားစု များဝင်ငွေရရှိမှု (မရှိ/နည်း/များ)	များ	များ	နည်း	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	နည်း	နည်း
အသုံးစရိတ်	များ	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	များ
ချေးငွေ လိုအပ်မှု	မရှိ	မရှိ	မရှိ	မရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	မရှိ
ဝမ်းစာ ဖူလုံမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	မလုံလောက်	မလုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	မလုံလောက်	မလုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရစ္ဆာန်အစာ ရရှိမှု	ရှိ	ရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	–	–	ကြက်တုတ်ကွေး	ကြက်တုတ်ကွေး	ဝက်နားရွက်ပြာ	–	နွားခွာနာရောဂါ	နွားခွာနာရောဂါ	ကြက်တုတ်ကွေး	–	–	–
ကျန်းမာရေး အခြေအနေ	–	–	–	–	ဝမ်းပျက်	ဝမ်းပျက်	တုတ်ကွေး	တုတ်ကွေး	တုတ်ကွေး	တုတ်ကွေး	–	–
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	–	–	–	–	–	–	ဆစ်ပိုး	–	ရွက်လိပ်ပိုး	–	–	–
ပွဲတော်	–	စုံညီပွဲ	–	သင်္ကြန်ပူဇော်ပွဲ	ညောင်ရေသွန်းပွဲ	–	–	–	–	မီးထွန်းပွဲ	ကထိန်	–
သဘာဝဘေးအန္တရာယ်	–	–	–	–	–	–	ရေကြီး	–	–	–	–	–

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျီးတောကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ကိုင်းတာကျေးရွာအုပ်စုတွင် တည်ရှိသော ကျေးရွာခွဲရွာတစ်ရွာဖြစ်ပါသည်။ တည်နေရာအနေအထားအရ ကျောင်းကုန်းမြို့နယ်၏ အရှေ့တောင်ထောင့်အရပ်တွင် တည်ရှိပါသည်။ ရွာ၏ အနောက်ဘက်တွင် ကျီးတောရွာမှ အောင်မင်္ဂလာတံတားအထိ ဆည်မြောင်းရှိပြီး ကျောင်းကုန်းမှ ပိန်းဂရက်ကြီးအထိ ကျောက်ချောလမ်းမကြီးတည်ရှိပြီး နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ပါသည်။ ရွာအဝင်တွင် နိုင်ငံတော်၊ စေတနာရှင် အဖွဲ့အစည်း၊ ရပ်ရွာတို့ပူးပေါင်း၍ ကိုယ်ထူကိုယ်ထခင်းကျင်းထားသော ကွန်ကရစ် လမ်းမကြီး ရှိပါသည်။ ရွာ၏အလယ်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်းတို့ ရှိပါသည်။ ရွာ၏တည်နေရာ အနေအထားအရ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုမှာလည်း အသင့်အတင့်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

သဘာဝနှင့် ရာသီဥတုအနေအထားအရ မိုးများသော ဒေသဖြစ်ပြီး အနိမ့်ပိုင်းများအား နှစ်စဉ်ရေနစ်မြုပ်မှုရှိပါသည်။ ရာသီဥတုမျှတပြီး မိုးစပါး၊ နွေစပါးနှင့် တောင်ယာအနေဖြင့် မတ်ပဲ၊ ဘိုကိတ်ပဲ၊ ပဲတီစိမ်း၊ နန္နင်းနှင့် အခြားသီးနှံများကို စိုက်ပျိုးပါသည်။ ကူးသန်းရောင်းဝယ်ရေး အနေဖြင့် စပါးနှင့်အခြားသီးနှံများကို တင်ပို့ရောင်းချလျက်ရှိပါသည်။ ဆန်စက်များရှိသည့် အတွက် ဆန်များကို မြို့နယ်သို့ ကုန်ချောအဖြစ် တင်ပို့ရောင်းချပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်စေပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအဆင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ လူငယ်၊လူရွယ်များနှင့် အများဆုံးဖွဲ့စည်းထားသော ရပ်ရွာအကျိုး ဆောင်အဖွဲ့ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အထိရောက်ဆုံးအဖွဲ့ ဖြစ်ပါသည်။ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂေါပကနှင့် ရပ်မိရပ်ဖများ၊ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်သူများ၊ အရန်သားဖွားဆရာမများ၊ မီးသတ်တပ်ဖွဲ့များ၊ ကျေးရွာအခြေပြု

ပရဟိတလူငယ်များအသင်း ၊ နာရေးကူညီမှုအသင်းအဖွဲ့များရှိပါသည်။ ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့အစည်းများ ၊ ပညာသင်ထောက်ပံ့ကြေးကော်မတီ စသည်တို့အား ဖွဲ့စည်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ၊ တက်ရောက်နေသော ကျောင်းသားကျောင်းသူများအား ထောက်ပံ့သော တက္ကသိုလ်ဝင်ကလေးများအား ထောက်ပံ့ရေးအဖွဲ့များလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့်လည်း အသေးစားငွေချေးလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက စီးပွားရေးလုပ်ငန်းမှာ ဆန်စပါးလုပ်ငန်းဖြစ်ပြီး လယ်ယာလုပ်ငန်းအပြင် တောင်ယာလုပ်ငန်းနှင့် အခြားအစားထိုးသီးနှံများကိုလည်း စုပေါင်းလုပ်ကိုင်လျက်ရှိပါသည်။ လယ်ကေများတွင် စပါးကိုအများဆုံးစိုက်ပျိုးကြ၍ အခြားသီးနှံများကိုလည်း ရာသီအလိုက်စိုက်ပျိုးကြပါသည်။ လယ်မြေကေပေါင်း (၃၀၁)ကေခန့်ရှိပြီး တစ်ကေအထွက်နှုန်းမှာ (၈၀)တင်းမှ (၁၀၀)တင်းခန့်အထိထွက်ရှိပါသည်။ ဆောင်းစပါးစိုက်ကေမှာ (၃၀)ခန့်သာရှိပြီး အခြားသီးနှံများအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်ပဲနှင့် နနွင်းတို့ကို စိုက်ပျိုးပါသည်။ မြေဆီလွှာပျက်စီးဆုံးရှုံးမှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးခြင်း၊ ရာသီအလိုက်ဖြစ်ပေါ်လေ့ရှိသော ပိုးမွှားအန္တရယ်ကြောင့် ပျက်စီးခြင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်လေ့ရှိပါသည်။ အခြားအစားထိုးသီးနှံများ အနေဖြင့် ကွမ်း၊ ပြောင်း၊ မြေပဲ၊ ငါးကြီးအံဖတ် စသည့်သီးနှံများ စိုက်ပျိုး၍ ဝင်ငွေတိုးစေပါသည်။

ကျေးရွာမှာ စိုက်ပျိုးရေးအဓိကလုပ်ဆောင်သော ရွာဖြစ်သည်နှင့်အညီ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းပြီးဖြစ်ပါသည်။ ရန်လိုအပ်သော စက်ကိရိယာများကို ကုမ္ပဏီမှလက်ငင်းစနစ်ဖြင့်သော် လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း ၊ မိမိတို့ကိုယ်ပိုင်စနစ်ဖြင့်လည်းကောင်း ဝယ်ယူအသုံးပြုလျက်ရှိကြပါသည်။ ငှားရမ်းအသုံးပြုသော တောင်သူများအနေဖြင့် တစ်ကေနှုန်းထား (၁၂၀၀၀)အထိ ငှားရမ်းအသုံးပြုကြပါသည်။ တောင်သူများအနေဖြင့် ကပ်ပါးလုပ်ကိုင်ရသော လုပ်သားများအား တစ်နေ့နှုန်းထား ကျား(၄၀၀၀)ကျပ်နှင့် မ(၃၀၀၀)ကျပ်တို့ဖြင့် ငှားရမ်းအလုပ်ပေး လုပ်ကိုင်ကြပါသည်။

ပညာတတ်သော အချို့လူငယ်များအနေဖြင့် အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အခြားသို့သွားရောက်လုပ်ကိုင်လျက်ရှိသော စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့် အဘက်ဘက်မှ ကူညီပံ့ပိုး ဆောင်ရွက်သည်များလည်း ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာအတွက် ကျက်သရေဆောင်ဖြစ်သော ဘုန်းတော်ကြီးကျောင်းမှာ သာသနာ့အမွန့်ရှည် တည်တံ့ရေးအတွက် သာသနိကအဆောက်အဦများစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

အခြေခံပညာမူလတန်းကျောင်း အနေဖြင့် လွန်ခဲ့သော (၁၉၈၀)ခုနှစ်ခန့်က ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပြီး ကျောင်းဆောင်အမျိုးအစားမှာ အုတ်ညှပ်၊ အုတ်စီ ကျောင်းဆောင်ဖြစ်ပြီး (၆၀'x ၃၀'x ၁၈')ပေ ပြည်တော်သာပုံစံ ဖြစ်ပါသည်။ ကျောင်းမြေဧက အလုံအလောက်ရှိပြီး စုစုပေါင်း (၃)ဧကကျော်ရှိပါသည်။ ကျောင်းသားအင်အား(၁၀၀) ကျော်ရှိပြီး ကျောင်းဆောင်လုံလောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။ သောက်သုံးရေ လုံလောက်မှုရှိပြီး အိမ်သာများမှာ သန့်ရှင်းပြီး (၂)ခန်းတွဲ အိမ်သာ(၂)လုံးရှိပါသည်။

ကျီးတောကျေးရွာသည် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကျန်းမာရေး ဖြစ်ပေါ်ပါက အလွန်ဝေးလံပြီး သွားလာရန်အခက်အခဲရှိပါသည်။ ကျောင်းကုန်းမှ ပိန်းဂရက်ကြီး အထိ သွားသော ကျောက်ချောလမ်းမှာ ယခုအချိန်အထိ ထပ်၍ပြင်ဆင်ရန် မကျသေးသည့် အတွက် အလွန်ကြမ်းတမ်းပြီး ခက်ခဲမှုရှိပါသည်။ ရွာအဝင်လမ်းများမှာလည်း မြေသားလမ်းများ ဖြစ်သည့်အတွက် မိုးတွင်းအခါတွင် ခြေလျင်ခရီးဖြင့် သွားလာရပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လူငယ်များ၊ ဘုန်းတော်ကြီးအစိုးရအဖွဲ့အစည်းများ ပူးပေါင်းကာ ကျောက်ချောလမ်းမှ ရွာအဝင်လမ်းကို ကိုယ်ထူကိုယ်ထခင်းနေသည်မှာ အကျယ်(၁၀')၊ အရှည်စုစုပေါင်း (၂၀၀၀')ခန့် ပြီးစီးနေပြီဖြစ်ပြီး ယခုအချိန်အထိ ဆက်လက်၍ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍ ကျေးလက်မီးလင်းနိုင်ရေးအတွက် ကျေးရွာအဖွဲ့အစည်းများနှင့် စီမံကိန်းများ ရေးဆွဲလျက်ရှိပြီး စုပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်မီးမှာလည်း ရွာ၏

အနောက်ဘက်တွင်ရှိသော ကိုင်းတာလေးကျေးရွာနှင့် ကျီးတောကျေးရွာမှ ပေပေါင်း(၃၀၀၀)ခန့်သာ ကွာဝေးပြီး ကိုင်းတာလေးကျေးရွာသို့ လျှပ်စစ်မီးရောက်ရှိနေပြီ ဖြစ်ပါသည်။

မိဒီယာခေတ်ဖြစ်သည်နှင့်အညီ ဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ဖုန်းလိုင်းများမှ တာဝါတိုင်များ ရွာအနောက်ဖက်တွင် တည်ဆောက်ထားသည့်အတွက် အင်တာနက်များမှ တစ်ဆင့် လူမှုရေးဗဟုသုတများ၊ ကျန်းမာရေး ဗဟုသုတများ၊ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ နည်းပညာများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံတော်ဝင်ငွေရရှိနိုင်သည့် နည်းလမ်းများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဗဟုသုတနှင့် အသိပညာများစွာတို့ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

တောင်သူလယ်သမားများ အတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀/-)ကျပ်၊ ဆောင်းသီးနှံအတွက် တစ်ဧကလျှင် (၅၀၀၀/-)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။ အသေးစားငွေချေးလုပ်ငန်းများအနေဖြင့်လည်း စိုက်ပျိုးစရိတ်များအား ထုတ်ချေးလျက်ရှိပြီး အရစ်ကျစနစ်ဖြင့်လည်း ပြန်လည်ပေးသွင်းစေပါသည်။

(င) ပညာရေး

ကျေးရွာအခြေခံမူလတန်းကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ဆရာ/ဆရာမ ဦးရေမှာ ကျောင်းအုပ်(၁)ဦးနှင့် လက်ထောက်ဆရာမ(၄)ဦးတို့ သင်ပြလျက်ရှိပြီး ဝန်ထမ်းပြည့်စုံလုံလောက်မှု ရှိပါသည်။ စုစုပေါင်းကျောင်းသား (၁၀၀)ကျော်ပညာသင်ကြားလျက်ရှိပြီး ပညာရေးအသင့်အတင့် ကောင်းမွန်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ နှစ်စဉ် တက္ကသိုလ်ဝင်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများကိုလည်း မွေးထုတ်ပေးထုတ်ပေးလျက် ရှိပါသည်။ လူသားအရင်းအမြစ်အနေဖြင့် စစ်ဗိုလ်၊ ဆရာ၊ ဆရာမများ၊ သူနာပြုများ၊ ကျန်းမာရေးမှူးအဆင့်(၄) စသည်တို့ကို မွေးထုတ်ပေးလျက်ရှိပါသည်။ ကာယ၊ ဉာဏ လူသားအရင်းအမြစ်များဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာတွင် အားကစားကွင်းကိုလည်း စနစ်တကျ ပြုလုပ်ထားလျက်ရှိပါသည်။ လိမ္မာယဉ်ကျေးသော လူ့ပတ်ဝန်းကျင် ဖြစ်လာစေရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဓမ္မစကူးလ်သင်တန်းများကိုလည်း သင်ကြားပို့ချလျက် ရှိပါသည်။

(စ) ကျန်းမာရေး

ကျန်းမာရေးမှူးအဆင့်(၄)၊ မိခင်နှင့်ကလေးစောင့်ရှောက်သူများ၊ အရန်သားဖွားများ စသည်တို့မှ ပူးပေါင်း၍ နှစ်စဉ်အလိုက် သွေးလွန်တုပ်ကွေးကာကွယ်ရန် အဘိတ်ဆေးခပ်ခြင်း၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများတိုက်ခြင်း၊ လအလိုက် အမျိုးသားကာကွယ်ဆေးထိုး လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ ကျန်းမာရေး အထောက်အကူပြု ဟောပြောပွဲများကိုလည်း ဆောင်ရွက်ပေးပါသည်။ ကျောင်းကုန်းရေး လုပ်ငန်းများကိုလည်း မြို့နယ်မှ လာရောက်ဆောင်ရွက်လျှက်ရှိပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဘေးအန္တရာယ်များအနေဖြင့် ရာသီအပြောင်းအလဲကြောင့် ဖြစ်တတ်သော ရောဂါများ၊ လေတိုက်ခတ်မှုများ၊ မြွေအန္တရာယ်နှင့် မိုးကြိုးလျှပ်စီးအန္တရာယ်များ ရံဖန်ရံခါ ကျရောက်တတ်ပါသည်။ လေထုညစ်ညမ်းမှုများ၊ မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုများကိုလည်း တွေ့ရှိရပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်းများလျော့ပါးစေရန်အတွက် လောင်စာအစားထိုးမီးဖိုများ အသုံးပြုခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်ထားပါသည်။ ထို့အပြင် မြေဆီလွှာပျက်စီးဆုံးရှုံးမှုနှင့် ရေထုညစ်ညမ်းမှုများ မဖြစ်စေရေးအတွက် အမှိုက်များကို သီးခြားခွဲ၍ ပလတ်စတစ်အမှိုက်များအား မီးရှို့ ဖျက်ဆီးခြင်းများ၊ ဓါတ်မြေဩဇာအစား သဘာဝမြေဩဇာများအား အစားထိုးသုံးစွဲခြင်းများ၊ အမှိုက်ကျင်းများတွင် မြေမြုပ်ခြင်းတို့အား ပြုလုပ်ဆောင်ရွက်ထားရှိပါသည်။

(ဇ) ကျား – မ ရေးရာ

ကျေးရွာအတွင်း နေထိုင်သော လူဦးရေစုစုပေါင်းမှာ (၈၆၈)ဦးဖြစ်ပြီး အများစုမှာ အမျိုးသမီးများဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်မှာ များစွာ အကျိုးပြုပါသည်။ ရိုးရာဓလေ့ပွဲတော်များ၊ ဆယ့်နှစ်ရာသီပွဲတော်များ၊ အသင်းအဖွဲ့လှုပ်ရှားမှုများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျား/မ မခွဲခြားပဲ ကျရာ တာဝန်များကို မိမိတို့အသိဖြင့် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိပြီး စည်းလုံးညီညွတ်မှု

ရှိကြပါသည်။ ထို့ကြောင့် ကျေးရွာ၏ ကျား၊မရေးရာကဏ္ဍတွင် စည်းလုံးခြင်း၊ ညီညွတ်ခြင်းနှင့် တန်းတူအခွင့်အရေးရခြင်းတို့ရှိကြောင်း တွေ့ရှိရပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း	၁
၂	အခြေခံအဆောက်အဦ	ကျေးရွာမီးလင်းရေးစီမံချက်	၂
၃	ပညာရေး	စာသင်ဆောင်ဆောက်လုပ်ရေး စီမံချက်	၃
၄	ကျန်းမာရေး	ကျန်းမာရေးဌာနခွဲရရှိရေး စီမံချက်	၄

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – အခြေခံအဆောက်အဦ					
• မိုးတွင်းအခါ ရွာတွင်းလမ်းများသွာ ားလာရခက်ခဲ ခြင်း	• မြေသားလမ်းဖြစ် နေခြင်း	• ကျေးရွာမှ ထည့်ဝင်ငွေ အနည်းငယ်ထည့်ဝင် နိုင်ခြင်း • ရွာလမ်းအရှည်သည် ၆၀၀၀ပေရှိပြီး လက်ရှိ ခင်းပြီးသည်မှာ ၁၃၀၀ရှိ၍ ဆက်လက်ခင်းရန် ၄၇၀၀ ပေခန့်ကျန်ရှိနေခြင်း	•	• ကျေးရွာတွင်း အလှူ ငွေကောက်ခံ ခြင်း • သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း	• ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်း
• ကျောင်းသား/သူများ စာဖတ်ရန် အခက်အခဲရှိခြင်း	• လျှပ်စစ်မီး မရရှိသေး ခြင်း	• မဟာဓါတ်အားလိုင်းနှင့် နီးကပ်စွာ ရှိနေပြီး (၁)မိုင်ခန့် သာဝေးကွာခြင်း	•	• ပြင်ပအကူအညီ ရှာဖွေ ခြင်း • သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ခြင်း • ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းခြင်း	• ကျေးရွာ မီးလင်းရေး စီမံချက်

ကဏ္ဍ – ပညာရေး					
• ကျောင်းသား/သူများ စာသင်ကြားရာ ကျောင်းဆောင်မှာ အန္တရာယ်ရှိနေခြင်း	• လက်ရှိကျောင်းဆောင်မှာ နှစ်(၄၀)ခန့်ရှိပြီး အမိုးအကာနံရံများ ဆွေးမြေ့ပျက်ဆီးနေပြီး အန္တရာယ်ဆောင်အဖြစ် သတ်မှတ်ထားရပါသည်	• ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာ ရှိခြင်း	•	• ပညာရေးဌာနနှင့် ဆက်သွယ်ခြင်း	• စာသင်ဆောင်သစ် ဆောက်လုပ်ရေး စီမံချက်
ကဏ္ဍ – ကျန်းမာရေး					
• အရေးပေါ်ကျန်းမာရေး ကိစ္စများ အဆင်မပြေခြင်း • အရေးပေါ်လူနာများ အသက်ဆုံးရှုံးမှုများခြင်း	• ဆေးပေးခန်း မဆောက်လုပ်ရသေးခြင်း	• ဆေးပေးခန်းဆောက်လုပ်ရန် မြေနေရာရှိခြင်း	•	• ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ရေး စီမံချက်

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၈	၁၁	၁၉
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂၂	၁၈	၄၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၃	၃၃	၆၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၀	၃၉	၇၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၀	၃၂၀	၆၁၀
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၉	၂၅	၅၄
စုစုပေါင်း		၄၂၂	၄၄၆	**၈၆၈**
စုစုပေါင်းအိမ်ထောင်စု		၂၃၅		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လူဦးရေမှာ (၁)နှစ်အောက် ကလေးငယ်မှာ အနည်းငယ်ရှိပြီး အလုပ်လုပ်နိုင်သော လူဦးရေမှာ ရွာ၏ ထက်ဝက်ကျော်မျှရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၇၇	၁၆၀	-	မြင့်□ လတ် ☑ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း	၁	၂		မြင့်□ လတ်☑ နိမ့်□
၂	**တိရစ္ဆာန် မွေးမြူ ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၆	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင်လုပ်ငန်း	၁	၁		မြင့် လတ်☑ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း			၁	မြင့်□ လတ်☑ နိမ့်□
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင်လုပ်ငန်း			၄	မြင့် လတ်☑ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင်လုပ်ငန်း	၁	၂	၁၀	မြင့် လတ်☑ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း			၁	မြင့် လတ်☑ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင်လုပ်ငန်း			၆	မြင့် လတ်☑ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပညာရေး				
၁၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း			၁	မြင့် □ လတ်☑ နိမ့် □
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	လူမှုရေးလုပ်ငန်းများ				
၁၉	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၁	၁		မြင့်□ လတ်☑ နိမ့်□
	အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၂၀	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၁၅၄	၃၂၂		မြင့် □ လတ်□ နိမ့်☑ □
	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
၂၁	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့်☑
	စုစုပေါင်း	၂၃၅	၄၈၈	၂၂	□

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ ‘ **အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**’ အရေအတွက်တွင် ‘ **မိသားစု ဝင်ငွေ လုပ်အား**’ ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘ **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**’ ဆို သည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင် လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေ အနေကို ဆိုလိုပါသည်။ ဥပမာ- **‘စိုက်ပျိုးရေး’** ကဏ္ဍ၏ **‘ကိုယ်ပိုင် လုပ်ငန်း’** တွင် ရပ်တည် နိုင်မှု **‘မြင့်’** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေ သည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းအား အများစု လုပ်ကိုင်ကြသော်လည်း ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူဦးရေမှာ ပိုမိုများပြား

ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအား အိမ်များ၌ တိရစ္ဆာန် ကြက်၊ ဘဲ၊ ဝက် အနည်းအကျဉ်းမွေးထားသော်လည်း စီးပွားဖြစ်မွေးမြူသူများမရှိသေးကြောင်း တွေ့ရှိရ ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၄၀၀၀	၂၅၀၀	၃၅၀၀	၂၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်းများ	နေ့စား	-	-	-	-	
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၃၀၀၀	၅၀၀၀	၂၅၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ (၅၀၀၀) ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့လုပ်အားခမှာ (၄၀၀၀) ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံး တစ်နေ့ လုပ် အားခမှာမူ (၃၀၀၀) ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့ လုပ်အားခမှာ (၂၅၀၀) ကျပ်ဖြစ်ပါသည်။

(၈) သဘာဝအရင်းအမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ(ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၃၃၉	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ/တောင်ယာမြေ	၁၈	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၂	ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း/ကျွန်းမြေ	၅	ကောင်း ☐ သင့် ☑ ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၈၆	ကောင်း ☐ သင့် ☑ ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	**၄၅၀**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော

စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင် နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တောင်သူအများစုမှာ ကွမ်း၊ မတ်ပဲ၊ ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

(ဂ-၂) ဓာတ်သတ္ထုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္ထုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက် စသည်။)	များ □ သင့် □နည်း□ မရှိ ☑	လွယ်□ ခက်□ □ အသုံးမပြုနိုင်ပါ
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□ သင့် □ နည်း □မရှိ ☑	လွယ်□ ခက်□ □ အသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ)	များ□ သင့် □ နည်း ☑မရှိ □	လွယ်□ ခက်☑ □ အသုံးမပြုနိုင်ပါ
သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ	များ□ သင့် □ နည်း □မရှိ □	☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊အထွေထွေအုပ် ချုပ် ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်ပစ္စည်း များ ကျောက်ခဲကျောက်စရစ်များ မထွက်ရှိပါ။ ဆေးဘက်ဝင်အပင်များသည် အနည်းအကျဉ်း ရှိသော် လည်း အသုံးပြုမှု နည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အိမ်အခြေအနေ	ကောင်း	အသင့်အတင့်	ညံ့	ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	အသင့်အတင့်	နည်း	မရှိ	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	လယ်ယာ၊ ကုန်ဆုံဆိုင်၊ အရောင်းအဝယ် လုပ်ငန်း	ဥယျာဉ်ခြံ၊ လယ်ယာ လုပ်ငန်း	နေ့စား လုပ်ငန်း	နေ့စား လုပ်ငန်း
အိမ်ထောင်စု - ၂၃၅	၂၀(၈.၅၁%)	၈၀ (၃၄.၀၄%)	၁၀၀ (၄၂.၅၆%)	၃၅ (၁၄.၈၉%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ----------

(c) ထိခိုက်လွယ်မှု

(c.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကို ဖော်ပြရန်
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ =

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကို ဖော်ပြရန်
		ချေးယူ = လုပ်အားခကြိုယူ =
၃ လ နှင့် ၆လကြား ပမ်းစာဖူလုံမှု	၄၅	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၂၀ လုပ်အားခကြိုယူ = ၂၅
၆လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀% အဖြစ် အိမ်ထောင်စု ၄၅ စုကို တွေ့ဆုံလေ့လာဆန်းစစ်ခဲ့ရာတွင် ဝမ်းစာဖူလုံမှုသည် ၃လနှင့်၆ လအထိ ၄၅စု ထိရှိကြသည်။ ကျေးရွာတွင် ဆန်ရေစပါး ပေါများသဖြင့် အိမ်ထောင်စုအများစုသည် တစ်နည်းနည်းဖြင့် နပ်မှန်ထမင်းကို စားသုံးနိုင်ကြပါသဖြင့် ကျေးရွာ၏ ပမ်းစာဖူလုံမှု အခြေအနေမှာ ဆိုးဝါးသောအခြေအနေ၌ မပါကြောင်း တွေ့ရှိ ရပါသည်။

(၄.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခနှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့်	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ .....

.....

.....

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

၁၆	တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မိုးရွာသွန်းမှုများပြား၍ လယ်မြေအများစုမှာ ရေဖုံးလွှမ်းမှုများဖြစ်တတ်ပါသည်။မိုးရာသီတွင် ဖြစ်တတ်သောရောဂါများနှင့် တိရစ္ဆာန်များကူးစက်ရောဂါကျရောက်မှုကြောင့် ဆုံးရှုံးမှုအနည်းအကျဉ်းရှိကြောင်း တွေ့ရှိရပါသည်။

(၁.၅.၄)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျ ရောက်နိုင်သော အိမ်ထောင်စု/ ကူး စက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)တွင်နေ ထိုင်သူ များ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေ ထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သား	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

.....

.....

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတ အဖွဲ့	၁☐ ၂☑ ၃☐	၁၅		၁၅	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့် ☐ ညံ့ ☐

၂	ကျောင်းကော်မတီအဖွဲ့	၁☐ ၂ ☑ ၃☐	၂၀		၂၀	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး ☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်☑ သင့်☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ……

……..

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-GIZ, UK Aid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ-သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာန၏မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။</u>

လေ့လာတွေ့ရှိချက်။ ။ ……..

……..

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၅	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၁၅	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၃၀	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၅၀	တောင်သူလတ်

၅	၁၂.၅ကေအထက်	၁၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၃၅	☐

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိအချို့အိမ်ထောင်စုများမှာ စိုက်ပျိုးမြေကောနည်းသော်လည်း စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုအချို့လည်း တွေ့ရပါသည်။ စိုက်ပျိုးမြေယာမဲ့မှာ ရွာ၏ ထက်ဝက်ကျော်ခန့်ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်သော လယ်ယာရှင်များထံတွင် နေ့စားလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	ရေသောက် (ဧက)	ရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၅	အဝီစိတွင်း	၄၅၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက် ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ----------

---

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကော အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၄၅၀	တင်း	၈၀	၁၀၀	၉၀	ဇွန်	အောက်တိုဘာ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်□ နိမ့်☑
ပဲ	၄၅၀	တင်း	၇	၁၅	၁၃	ဒီဇင်ဘာ	ဖေဖြော်	မြင့်☑ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်☑

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၏ သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများအား လိုအပ်ချက်မြင့်မားသောကြောင့် အကြွေးယူသုံးစွဲနေရပါသဖြင့် စပါးသီးနှံပေါ်ချိန်တွင် ဈေးကောင်းရသည်အထိ မစောင့်နိုင်ကြဘဲ ရရာဈေးဖြင့် ရောင်းချရသဖြင့် အမြတ်ရရှိမှုနည်းပါးပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁	-	-	၈၀
လက်တွန်းထွန်စက်	၃၅	-	-	၇၅
အစေ့ချကိရိယာ	-	-	-	-

ရိတ်သိမ်းခြွေလှေ့စက်	၁	-	-	၈၀
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၂	-	-	၃၀
ရေစုပ်စက်	၆၁	-	-	၂၀
ခြေနင်းရေတင်စက်	၅	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်သော အိမ်ထောင်စုအများစုရှိပြီး ကျွဲ၊ နွားများကို အသုံးပြု၍ လုပ်ကိုင်နေသူနည်းပါးပါသည်။ လယ်ဧကများသော တောင်သူကြီးများ၊ တောင်သူ လတ်များသည် လယ်ယာသုံး၊ ဥယျာဉ်ခြံသုံး စက်ပစ္စည်းများ အသင့်အတင့် ပိုင်ဆိုင်ထားကြပါ သည်။ ဧကအနည်းငယ်သာ ပိုင်ဆိုင်သော အိမ်ထောင်စုများသည်လည်း လုပ်ငန်းသုံးစက်ပစ္စည်းများ အနည်းငယ် ပိုင်ဆိုင်ထားကြပြီး အခြားလိုအပ်သော လုပ်ငန်းသုံး စက်ပစ္စည်းများကိုလည်း ငှါးရမ်းလုပ်ကိုင်နေကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ ☑ အသင်အတင့်ရှိ ☐
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	အလွယ်တကူရသည် ☐ ရသည် ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑
သဘာဝမြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑
ဓာတုပိုးသတ်ဆေး၊	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☑
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ရာသီဥတုမှာ သင့်တင့် မျှတမှုရှိပါသည်။ ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုအများစုမှာ လယ်ယာ၊ဥယျာဉ်ခြံ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို အလွယ်တကူ ရရှိနိုင်ပါသည်။သဘာဝ မြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂနစ်သွင်း အားစုများ၊ ဓာတုပိုး သတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများအား ကျောင်းကုန်းမြို့သို့ တက်ရောက်ဝယ်ယူရပါသည်။ ရွာ၏သီးနှံထုတ်ကုန် များကို လွယ်ကူစွာ ရောင်းချနိုင် သော်လည်း စျေးနှုန်းမှန်ကန်စွာ မရရှိပါ။ စိုက်ပျိုးရေးအတွက် အထောက်အကူ ဖြစ်စေမည့် နည်းပညာများနှင့် အသိ ပညာပေး ဆွေး နွေးပွဲများ မရရှိကြပါ။ တောင်သူများအတွက် လယ်၊ဥယျာဉ်ခြံ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ လိုအပ်နေပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်သော ကုမ္ပဏီများ၊ သွင်းအားစုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်လျှင် လယ်ယာလုပ်ငန်းခွင် တိုးမြှင့်ထုတ်လုပ်နိုင်သည့် နည်းစနစ်များ ကို ကျင့်သုံး လာနိုင်မည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာ နှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန် ☐ ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐

✔

ပြဿနာ နှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်
	မဖြေဆိုပါ
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
သဘာဝမြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐အသင့်အတင့်ကျ ☑ အနည်းငယ် ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြီးမှုဖြစ်ပါက လယ်ယာမြေအနည်းငယ် ဆုံးရှုံးမှုရှိပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ဓာတ်မြေဩဇာမှာ ကျောင်းကုန်းမြို့မှ ဝယ်ယူရန်နိုင် ပါသည်။ စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေမည့် နည်းပညာများနှင့်အသိပညာပေးဆွေးနွေးပွဲများမရရှိပါ။ စိုက်ပျိုးသီးနှံများအား စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃	၆
နို့စားနွား		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ကျွဲ		
မြင်း	၅	၆
မြည်း		
လား		
ဆိတ်	၅	၅၀
သိုး		
ဝက်	၂၀၀	၂၃၃
ကြက်	၂၁၀	၁၃၅၉
ဘဲ	၁၂၅	၂၇၅
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် အိမ်များ၌ မွေးမြူကြပါသည်။ နွား၊ ဝက်၊ ဆိတ် ကြက်၊ ဘဲ အစရှိသဖြင့် မွေးမြူကြပါသည်။ မွေးမြူရေးကို စီးပွားဖြစ်မွေးမြူခြင်း မရှိကြပါသည်။ မွေးမြူရေးလုပ်ငန်း တိုးတက်စေရန် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု လာရောက်ဆောင်ရွက်ပေးခြင်းများ မရှိကြကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့် ☑
ရေရရှိမှု	အလုံအလောက်ရနိုင် ☑ အသင့်အတင့်ရနိုင် ☐
မျိုးတိရိစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐ မျိုးကောင်းတိရိစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ☑
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်☑
သွင်းအားစု(မွေးမြူရေးအစာဆေး စသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာ ဝယ်ယူနိုင်သည် ☑ သွင်းအားစုများဝယ်ယူနိုင်သည် ☐
ဝန်ဆောင်မှုနှင့် နည်း ပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ☑
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☑
အိမ်ခြံဝန်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☑
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ဝယ်ယူရနိုင်သည် ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။)
